ကြေးမုံ
The Mirror
၁၃၇၃ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၃ ရက်၊ တနင်္လာနေ့ (30-5-2011) (၆၇၇၅)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်	စီးပွားရေး ဦးတည်ချက် (၄)ရပ်	လူမှုရေး ဦးတည်ချက် (၄)ရပ်
☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး	☆ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှု နိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
☆ အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး	☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး	☆ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
☆ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး	☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး	☆ စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
☆ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး	☆ နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော် နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော် သမ္မတ ဦးသိန်းစိန် ဗုဒ္ဓစွယ်တော်တိုက်ရှိ ကျွန်းတန်ဆောင်း၌ ကိန်းဝပ်စံပယ်တော်မူလျက်ရှိသော ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်း၊ ဆီမီး၊ သစ်သီး၊ ဆွမ်း၊ အမွှေးနံ့သာတို့ဖြင့် ဆက်ကပ်လှူဒါန်း ပူဇော်စဉ်။

(သတင်းစဉ်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဦးဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ ဗုဒ္ဓစွယ်တော်မြတ်အား သွားရောက်ဖူးမြော်ကြည်ညို

နေပြည်တော် မေ ၂၉

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသော နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ လီကျွင်းဟွာနှင့် တာဝန်ရှိသူများလိုက်ပါလျက် မေ ၂၈ ရက် နံနက် ၈ နာရီခွဲတွင် ပေကျင်းမြို့ Ba Da Chu ဥယျာဉ်ရှိ ဗုဒ္ဓစွယ်တော်မြတ် ကိန်းဝပ်စံပယ်တော်မူသည့် Ling Guang Si Buddhist Temple သို့ ရောက်ရှိကြရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသံအမတ်ကြီး ဦးတင်ဦးနှင့် ဇနီး၊ စစ်သံမှူး ဗိုလ်မှူးကြီးတင့်ဝေနှင့် ဇနီးနှင့် တရုတ်ဗုဒ္ဓဘာသာအသင်းမှ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထိုသို့ ရောက်ရှိချိန်တွင် နိုင်ငံတော်သမ္မတ ဦးဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား တရုတ် ဗုဒ္ဓဘာသာဝင် အသင်းသား၊ အသင်းသူများက ဂုဏ်ပြုဧည့်ကြို ဓမ္မတေးသံသာများဖြင့် တီးမှုတ်ကြိုဆိုကြသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် လင်ကွမ်းစီ စွယ်တော်ကျောင်းတိုက် ကျောင်းထိုင်ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ချန်ကျန့် အမှူးပြုသော ဆရာတော်များအား ဖူးမြော်ကန်တော့ကြသည်။

ယင်းနောက် ဗုဒ္ဓစွယ်တော်တိုက် ကျောင်းထိုင်ဆရာတော် အမှူးပြုသော ဆရာတော်၊ သံဃာတော်များသည် ပရိတ်တရားတော်များကို ရွတ်ဆိုဆုတောင်းကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ကျောင်းထိုင်ဆရာတော်အား ရွှေတိဂုံပုံတူ ကျောက်စိမ်းစေတီတော်၊ ကျောက်စိမ်းနဂါးရုပ်တု၊ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် အလှူငွေများကို ဆက်ကပ်လှူဒါန်းသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❂

လှူဖွယ်ဝတ္ထု ဆက်ကပ်လှူဒါန်း

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် စွယ်တော်ကျောင်းတိုက် ကျောင်းထိုင်ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ချန်ကျန့်အား လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဗုဒ္ဓစွယ်တော်တိုက်ရှိ ကျွန်းတန်ဆောင်း ကြည့်ရှု

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပေကျင်းမြို့ Ba Da Chu ဥယျာဉ်၌ မြန်မာနိုင်ငံမှ လှူဒါန်းသည့် ကျွန်းသစ်များဖြင့် ပြုပြင်တည်ဆောက်ထားသည့် ဗုဒ္ဓစွယ်တော်တိုက်ရှိ ကျွန်းတန်ဆောင်းကို ကြည့်ရှုစဉ်။ (သတင်းစဉ်)

၂၀၁၁ ခုနှစ် ဇွန်လပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

ဘင်္ဂလားပင်လယ်အော်အခြေအနေ

အနောက်တောင်မုတ်သုံလေသည် ဇွန်လပထမ ၁၀ ရက်ပတ်အတွင်း မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများနှင့် မြောက်ပိုင်းဒေသများသို့ အသီးသီးဝင်ရောက်နိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနိုင်သည်။

မိုးအခြေအနေနှင့် မိုးရွာရက်

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် ရွာနိုင်သည်။

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၁၅ ရက်မှ ၁၉ ရက်ခန့်၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ၁၀ ရက်မှ ၁၄ ရက်ခန့်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ၅ ရက်မှ ၉ ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

မြစ်ရေအခြေအနေ

၂၀၁၁ ခုနှစ် ဇွန်လအတွင်း ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်၊ သံလွင်မြစ်၊ စစ်တောင်းမြစ်၊ ဒုဋ္ဌဝတီမြစ်၊ ရွှေကျင်မြစ်၊ ပဲခူးမြစ်နှင့် ငဝန်မြစ်တစ်လျှောက်ရှိ မြို့များတွင် မြစ်ရေများသည် လက်ရှိရေမှတ်များ၏အထက် မြင့်တက်လာနိုင်သော်လည်း ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးသို့ ရောက်နိုင်ဖွယ်မရှိပါ။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃၀-၅-၂၀၁၁ (တနင်္လာနေ့)

AM & PM

၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ရတနသုတ်
၅း၂၀ MRTV-4 သတင်း
၅း၅၀ "ဝိရိယဉာဏ်အရင်းခံ ကောင်းကံအကျိုးရ"တရားတော်
၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၁၉)**
၇း၃၀ MRTV-4 သတင်း
၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်" (အပိုင်း-၇၇)**
၈း၄၅ မြတ်သောအလှူကုသိုလ်ယူ ရတနာမွန်ကျောင်းတော်ကြီးနှင့် ပဗ္ဗဇ္ဇအလှူ
၉း၀၅ နှစ်(၁၀၀)ပြည့် အောင်ပွဲမှသည်. .
၉း၂၀ Activities In The City
၉း၄၀ MRTV-4 ကျန်းမာရေးကဏ္ဍ
၁၀း၁၅ ကုသိုယ်ယူဆင်ကာန္တဲ. . . ပြဟ္မဏကောဏ္ဍညသိမ်အောင်ပွဲ
၁၀း၃၀ The Champion of Dance
၁၁း၁၀ Celebrity Choice
၁၁း၄၀ MRTV-4 ကာတွန်းအစီအစဉ်
၁၂း၁၅ စားချင်စဖွယ်နည်းအသွယ်သွယ်
၁၂း၄၀ ရွှေလင်းယုန် ဆရာတော်ဘုရားကြီး၏ စိန်ရတုဝိဇာတမင်္ဂလာ
၁း၀၀ "ဝိရိယဉာဏ်အရင်းခံ ကောင်းကံအကျိုးရ" တရားတော်
၂း၀၀ MRTV-4 သတင်း
၂း၂၀ FMF Selection
၂း၅၅ နိဗ္ဗန္ဓပန်းတို့လန်းရာ. . . သုံးခွမြေ
၃း၁၀ GANO Excel Myanmar ၏ နှစ်ပတ်လည်ဂုဏ်ပြုအခမ်းအနား
၃း၂၅ MRTV-4 **ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၁၉)**
၄း၁၀ MRTV-4 **ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်" (အပိုင်း-၇၇)**
၅း၀၀ ပေးဆပ်သူများအတွက်. . . ကန္တရဝသ
၅း၃၀ သီချင်းကောင်းကောင်း သီချင်းတောင်း
၆း၀၀ MRTV-4 သတင်း
၆း၂၀ ဗီဒီယိုပြခန်း
၆း၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၂၀)**
၇း၂၀ Hip Hop's Hardcore Live Show (Part-1)
၈း၀၀ MRTV-4 သတင်း
၈း၃၀ စကားနပန်း
၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်" (အပိုင်း-၇၈)**
၁၀း၁၅ Sunday Talk [ဦးရဲမြင့် (Solar Hut)၊ မျိုးမြတ်သူ]
၁၀း၄၅ မှတ်မှတ်ရရ. . . မြစ်ငယ် အထက
၁၁း၀၅ အနုပညာမိုးကောင်းကင်
၁၁း၂၅ မျက်စိအမြင်ရှင်သန်ရေးပဏာမ မျက်စိကျန်းမာရေး စောင့်ရှောက်ပေး
၁၁း၃၅ International Show Biz
၁၁း၅၅ စိတ်ကူးတို့နှင့်မြမြင့်မိုရ်
၁၂း၁၀ ဈေးဝယ်လမ်းညွှန်
၁၂း၃၀ တိုးပွားဆောင်ရွက်နိုင်ငံ့လက် ဖေးကူမွေးမြူတို့အတူ
၁၂း၄၀ ကြည်နူးစရာ လက်ဆောင်အဖြာဖြာ
၁း၀၅ နောက်မကျရအောင်
၁း၁၅ Shooting Location
၁း၃၀ Celebrity Profile
၂း၁၀ ဆင်လိမ္မာတို့နားခိုရာ မြိုင်ပေဟဝန်စခန်းမှာ
၂း၃၅ မောတို့ဌာနီရှမ်းတို့မြေမှ တောင်ကြီးမြို့နှင့် ရိုးရာမင်္ဂလာ
၂း၅၅ ကဏ္ဍစုံလင်အားကစားအစီအစဉ်
၃း၅၅ လင်းလက်တောက်ပ မီးဆိုင်းအလှ
၄း၁၀ စိုက်ပျိုးစီးပွားဖြစ်ထွန်းဖို့ ဇီဝမြေဩဇာသုံးစွဲစို့
၄း၃၀ စက္ကူရွက်ဝေရှမ်းထီးသက်သေ
၄း၄၅ ငွေဆောင်ဒေသရဲ့ သရက်တောထိုးမုန့်
၄း၅၀ ရှေးမူလက်ရာလေ့လာစရာ ဖိုလ်ဝင်နှင့် ရွှေဘတောင်တော်မှာ
၅း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ဒုတိယဝန်ကြီးက ဘက်မလိုက် လှုပ်ရှားမှုအဖွဲ့ကြီး၏ ရပ်တည်ချက်အား မြန်မာနိုင်ငံက ထောက်ခံကြောင်း၊ သို့ရာတွင် နိုင်ငံရေးဖိအားပေးသည့် အနေဖြင့် နိုင်ငံကြီးတချို့၏ ကုန်သွယ်ရေးနှင့် စီးပွားရေးအပေါ် တစ်ဖက်သတ် ပိတ်ဆို့ချက်များအား ရုပ်သိမ်းရန် ပြောကြားခဲ့သည်။ ထို့အပြင် မြန်မာနိုင်ငံတွင် အစိုးရသစ်၏ နိုင်ငံခြားရေးမူဝါဒနှင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်သည့် မူကြီး(၅)ချက်နှင့်အညီ အပြည်ပြည်ဆိုင်ရာနှင့် ဒေသတွင်းအဖွဲ့အစည်းများတွင် ပါဝင်ဆောင်ရွက်လျက်ရှိကြောင်းနှင့် မြန်မာနိုင်ငံ၏ လတ်တလောနိုင်ငံရေး ဖြစ်ပေါ်တိုးတက်မှုများကို ရှင်းလင်းပြောကြားခဲ့သည်။

မြန်မာကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင် ဒုတိယဝန်ကြီးသည် အစည်းအဝေးကာလအတွင်း ကိုလံဘီယာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး၊ မိုရိုကိုဘုရင်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး၊ တီမောလက်စ်တေနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး၊ ဘူတန်ဘုရင်နိုင်ငံ ခေတ္တနိုင်ငံခြားရေးဝန်ကြီး၊ သီရိလင်္ကာနိုင်ငံ နိုင်ငံခြားလုပ်သားတိုးချဲ့ရေးနှင့် လူမှုဝန်ထမ်းဝန်ကြီးတို့နှင့် တွေ့ဆုံ၍ နှစ်နိုင်ငံ အကျိုးတူပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

(၁၆)ကြိမ်မြောက် ဘက်မလိုက် လှုပ်ရှားမှုအဖွဲ့ ဝန်ကြီးအဆင့် အစည်းအဝေးမှ Final Document ကို အတည်ပြုခဲ့သည်။ထို့အပြင် အစည်းအဝေးမှ Declaration on Palestine Political Prisoners၊ Bali Commemorative Declaration နှင့် Statement on the Total Elimination of Nuclear Weapons တို့ကို အတည်ပြုထုတ်ပြန်ခဲ့ကြောင်းသတင်းရရှိသည်။ (သတင်းစဉ်)

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် အဝေးပြေးကုန်တင်ယာဉ် ရပ်နားစခန်းနှင့် ကုန်စည်ဒိုင်များ တည်ဆောက်ရေးစီမံကိန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၂၉

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်သည် မေ ၂၃ ရက် ညနေ ၄ နာရီခွဲတွင် မန္တလေးမြို့ အမရပူရမြို့နယ်ရှိ မြို့တော်စည်ပင်သာယာရေး ကော်မတီက ဆောက်လုပ်လျက်ရှိသော အဝေးပြေးကုန်တင်ယာဉ်ရပ်နားစခန်းနှင့် ကုန်စည်ဒိုင်များ တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိရာ မန္တလေးမြို့တော်ဝန် စည်ပင်သာယာရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဦးဖုန်းဇော်ဟန်က ပြင်ပလမ်းများ၊အတွင်းလမ်းများ၊ ယာဉ်ရပ်နားနေရာ၊ ပွဲရုံနှင့် ကုန်စည်ဒိုင်များ၊ သိုလှောင်ရုံများ ဆောက်လုပ်ပြီးစီးနေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

မှာကြား

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က မန္တလေးမြို့တွင်း ကုန်တင်ယာဉ်ကြီးများ သွားလာမှုထိန်းချုပ်ရေး အောင်မြင်အောင် ဆောင်ရွက်ရန် မှာကြားပြီး ဆောက်လုပ်လျက်ရှိသော အဝေးပြေးကုန်တင်ယာဉ်ရပ်နားစခန်းနှင့် ကုန်စည်ဒိုင်များ တည်ဆောက်ရေးလုပ်ငန်းခွင်သို့ လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မေ ၂၄ ရက်တွင် ချမ်းအေးသာစံမြို့နယ် (၃၄)လမ်း၊ (၈၄)လမ်းနှင့် (၈၅)လမ်းကြား အောင်နန်းရိပ်သာအနောက်ရပ်ကွက်ရှိ မြန်မာနိုင်ငံကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်း (မန္တလေးရုံးခွဲ) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

၂၀၁၁ ခုနှစ် ဇွန်လ ပထမ ၁၀ ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

ဘင်္ဂလားပင်လယ်အော်အခြေအနေ

အနောက်တောင်မုတ်သုံလေသည် ဇွန်လပထမ ၁၀ ရက်ပတ်အတွင်း မြန်မာနိုင်ငံအလယ်ပိုင်းဒေသများနှင့် မြောက်ပိုင်းဒေသများသို့ အသီးသီးဝင်ရောက်နိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့် ရှိနိုင်သည်။

မိုးအခြေအနေနှင့် မိုးရွာရက်

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် ရွာနိုင်သည်။

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၅ ရက်မှ ၇ ရက်ခန့်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ၃ ရက်မှ ၄ ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

မြစ်ရေအခြေအနေ

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့နှင့် ကသာမြို့တို့တွင် ၁၈၀ စင်တီမီတာ(၆ ပေခန့်)၊ မန္တလေးမြို့နှင့် စစ်ကိုင်းမြို့တို့တွင် ၁၂၀ စင်တီမီတာ(၄ ပေခန့်)၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ၉၀ စင်တီမီတာ (၃ ပေခန့်) လက်ရှိရေမှတ်များ၏အထက် မြင့်တက်လာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့နှင့် ဟုမ္မလင်းမြို့တို့တွင် ၁၈၀ စင်တီမီတာ (၆ ပေခန့်)၊ မော်လိုက်မြို့၊ ကလေးဝမြို့နှင့် မုံရွာမြို့တို့တွင် ၉၀ စင်တီမီတာ (၃ ပေခန့်) လက်ရှိ ရေမှတ်များ၏အထက် မြင့်တက်လာနိုင်သည်။

သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရှေ့တိုက်ကိုစိုး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ရန်ကုန်ကလေးဆေးရုံကြီးနှင့် ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီးတို့ကို ကြည့်ရှုစစ်ဆေး

ကြည့်ရှုအားပေး

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး ဆီးနှင့်ကျောက်ကပ် ခွဲစိတ်အထူးကုသဆောင်ရှိ လူနာများအား ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ရန်ကုန် မေ ၂၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများလိုက်ပါလျက် မေ ၂၈ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ပြည်ထောင်စုရိပ်သာလမ်းရှိ ရန်ကုန်ကလေးဆေးရုံကြီးကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ရန်ကုန်ကလေးဆေးရုံကြီး တိုးချဲ့ဆောင်သစ် အစည်းအဝေးခန်းမ၌ ဆေးရုံအုပ်ကြီး ဒေါက်တာအောင်ကြည်ဝင်းက ရန်ကုန်ကလေးဆေးရုံကြီးကို ၁၉၆၂ ခုနှစ်တွင် ရန်ကုန်မြို့ မြေနီကုန်းရှိ ယခုကျန်းမာရေးပြတိုက်အဖြစ် ဖွင့်လှစ်ထားသည့်နေရာ၌ ခုတင်(၆၀)ဆေးရုံအဖြစ် စတင်ဖွင့်လှစ်ခဲ့ပါကြောင်း၊ ၁၉၆၃ ခုနှစ်တွင် ပြည်ထောင်စုရိပ်သာလမ်းသို့ ပြောင်းရွှေ့ပြီး ခုတင်(၈၀) ဆေးရုံအဖြစ် ဖွင့်လှစ်ခဲ့ပါကြောင်း၊ ယခုအခါ ခုတင်(၅၅၀)ဆံ့ ဆေးရုံကြီးအဖြစ် ဖွင့်လှစ်ကုသပေးလျက်ရှိပါကြောင်း။

ရန်ကုန်မြို့ ကလေးဆေးရုံကြီး၌ မနန်းစိုး/မနန်းစံ၊ အေးအေးငြိမ်း/အိအိငြိမ်း၊ စိုပြေလင်း/စိုပြေဝင်း ရင်ချင်းဆက် အမြွှာများကို အောင်မြင်စွာ ခွဲစိတ်ကုသပေးနိုင်ခဲ့ပါကြောင်း။

ယခင် ကျန်းမာရေးဝန်ကြီးဌာန ရုံးဟောင်းကို တိုးချဲ့ဆောင်သစ်အဖြစ် ပြင်ဆင်ဆောက်လုပ်လျက် ရှိပါကြောင်း၊ ပြင်ဆင်ပြီးစီးပါက ခုတင်(၂၀၀) တိုးချဲ့နိုင်မည်ဖြစ်ရာ စုစုပေါင်း ခုတင်(၇၅၀)ဆံ့ ဆေးရုံကြီး ဖြစ်လာမည်ဖြစ်ပါကြောင်းဖြင့် တင်ပြပြီး ဝန်ထမ်းအင်အား၊ ဝန်ထမ်းအိမ်ရာအခြေအနေများ၊ ဆေးကုသပေးနိုင်မှုများ၊ ဖြည့်ဆည်းပေးရန် လိုအပ်သည်များကို ဖြည့်စွက်ရှင်းလင်းတင်ပြရာ ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစောလွင်က ဖြည့်စွက်တင်ပြသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက မှာကြားရာ၌ မိမိအနေဖြင့် ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဝန်ကြီးများနှင့်အတူ ကလေးဆေးရုံကြီး၏ ဆေးကုသရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာ အခြေအနေများကို လေ့လာကြည့်ရှုရန်နှင့် လိုအပ်ချက်များရှိကလည်း ညှိနှိုင်းဖြေရှင်းပေးသွားရန် ယနေ့ လာရောက်ခြင်းဖြစ်ကြောင်း။

ယနေ့ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေအသစ်အရ ပြည်ထောင်စုအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဟူ၍ အုပ်ချုပ်ရေးအဖွဲ့အစည်း (၂)ရပ် ရှိလာကြောင်း။

တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် ယင်းတို့၏ ဒေသအတွင်းရေးရာကိစ္စများကို လျင်လျင်မြန်မြန်နှင့် ထိထိရောက်ရောက် အနီးကပ်စီမံခန့်ခွဲ ဆောင်ရွက်ပေးသွားကြရန် လိုအပ်သကဲ့သို့ ယင်းတို့မှ ဆောင်ရွက်မပေးနိုင်သည့် ကိစ္စရပ်များကိုလည်း သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ပြည်ထောင်စုအစိုးရ အဖွဲ့တို့သို့ အချိန်နှင့်တစ်ပြေးညီ ဆက်လက်တင်ပြဆောင်ရွက်ပေးသွားကြရန်လိုပါကြောင်း။

ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ပေးလျက်ရှိရာတွင် ဆရာဝန်၊ ဆရာမများအပါအဝင် ကျန်းမာရေးဝန်ထမ်းများအနေဖြင့် ဆေးဝါးကုသမှုကောင်းမွန်ရုံမျှသာမက နွေးထွေးပျူငှာစွာဖြင့် လူနာများ၏ ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ ခံစားနေရမှုများ ငြိမ်းအေးပပျောက်လျော့ပါးသွားအောင် ဆောင်ရွက်ပေးကြရန် တိုက်တွန်းပါကြောင်း။

မိမိတို့ ဆေးရုံကြီးများနှင့် ကျန်းမာရေးဝန်ထမ်းများအပေါ် လူနာများ၏ အားကိုးချစ်ခင်မှုများရရှိအောင် စေတနာ၊ မေတ္တာတရားတို့ဖြင့် ကျန်းမာရေးဆောင်ရွက်မှုလုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်ကြရန် လိုပါကြောင်း။

လူနာများအတွက် လိုအပ်သည့် ဆေးဝါးပစ္စည်းများကို စျေးနှုန်းမှန်မှန်ဖြင့် အချိန်တိုအတွင်း ဝယ်ယူရရှိရေး၊ ဆေးပစ္စည်းမှန်ကန်ရေးအတွက် ဆေးရုံကြီးကြပ်ဆေးဆိုင်များ ဖွင့်လှစ်ထားရာ ဆေးဆိုင်များဖွင့်လှစ်ရသည့် ရည်ရွယ်ချက်များ အမှန်တကယ် အကျိုးခံစားနိုင်အောင် အလေးထားဆောင်ရွက်ရန် လိုပါကြောင်း၊ ယခုပြုပြင်မွမ်းမံနေသည့် ဆေးရုံအမြန်ပြီးစီးရေးအတွက် ကြီးကြပ်ဆောင်ရွက်ပေးရန် ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် တိုးချဲ့ဆောင်သစ် မြေညီထပ်၌ ဦးနှောက်နှင့် အာရုံကြော ကုသဆောင်နှင့် ကလေးနှလုံးရောဂါ ကုသဆောင် ဖွင့်လှစ်ရန် ပြင်ဆင်ဆောင်ရွက်ထားမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ သီးသန့်ခန်းများ အခြေအနေနှင့် သီးသန့်ခန်းများ၌ ကလေးများ တက်ရောက်ကုသနေမှု၊ ဆေးရုံကြီးကြပ်ဆေးဆိုင် ဖွင့်လှစ်ရောင်းချမှု၊ အထူးကြပ်မတ်ကုသဌာနနှင့် ကလေးငယ်များ အခြေအနေ၊ သွေးလွန်တုပ်ကွေး ဆေးကုသဆောင်နှင့် ကလေးငယ်များ အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ရန်ကုန်ကလေးဆေးရုံကြီး အထူးကြပ်မတ်ကုသဆောင်၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ဒုတိယထပ် ကလေးအာဟာရ ရောဂါကုသမှုဌာနရှိ အင်ကြင်းခိုင်နှင့် အင်ကြင်းလှိုင်၊ ရန်ကင်းနှင့် ရန်ရှင်း ရင်ချင်းဆက် အမြွှာများကို ကြည့်ရှုစစ်ဆေးအားပေးရာ ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများက ခွဲစိတ်ရန် စီစဉ်ထားမှုများကို ရှင်းလင်းတင်ပြကြသည်။

ထိုမှတစ်ဆင့် လမ်းမတော်မြို့နယ်ရှိ ရန်ကုန် အထွေထွေရောဂါကုဆေးရုံသစ်ကြီးသို့ရောက်ရှိရာ ဆေးရုံအုပ်ကြီးနှင့် ပါမောက္ခ/ဌာနမှူးများ၊ ဆရာဝန်ကြီးများက ကြိုဆိုကြသည်။

ထို့နောက် ဆေးရုံကြီးခန်းမ၌ ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်လှကြင်က ဤဆေးရုံကြီးကို ၁၉၈၄ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ခုတင်(၂၂၀) ဆံ့ ဆေးရုံဖြစ်ပါကြောင်း၊ ဆေးပညာဌာန၊ အဆိပ်သင့်ကုဌာန၊ အထွေထွေခွဲစိတ်ကုဌာန၊ ဆီးနှင့်ကျောက်ကပ်ခွဲစိတ်ကုဌာန စသည့် အထူးကုပညာဌာန လေးခုဖြင့် ကုသရေးနှင့် သင်ကြားရေးတို့ကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ယခုအခါ ခုတင်(၅၀) ဆံ့ ဆေးရုံအဆောက်အအုံကို တိုးချဲ့ဆောက်လုပ်လျက်ရှိကြောင်းနှင့် ဆေးရုံကြီး၏ လိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပါမောက္ခ/ဌာနမှူးများ၊ သူနာပြုဆရာမကြီးများက ဆေးရုံကြီး၏ လိုအပ်ချက်များကို တင်ပြကြရာ ရန်ကုန်တိုင်းဒေသကြီး ပညာရေး၊ ကျန်းမာရေး၊ နိုင်ငံခြားရေးနှင့် လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ထွန်းဦး၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေတို့က ဝန်ထမ်းအိမ်ရာကိစ္စများ အပါအဝင် ဆေးရုံကြီး၏အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက ဝန်ထမ်းအိမ်ရာ ကိစ္စရပ်များ၊ ဆေးရုံကြီး၌ ဆင်းရဲနွမ်းပါးချို့တဲ့သည့် လူနာများအား အခမဲ့(Free of Charge) ကုသပေးနေမှုများကို ထပ်မံမေးမြန်းပြီး လူနာများအား နွေးထွေးစွာကြိုဆို၍ စေတနာဖြင့် ပြုစုကုသပေးရေး၊ လူနာများ အားကိုးလေးစားချစ်ခင်သည့် ကျန်းမာရေးဝန်ထမ်းများအဖြစ် ကြိုးပမ်းဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ဆီးနှင့် ကျောက်ကပ်ခွဲစိတ်အထူးကုသဆောင်ရှိ လူနာများ၊ ဆေးကုသဆောင်ရှိ လူနာများ၊ စာသင်ခန်း၊ အလုပ်သင် ဆရာဝန်ခန်း၊ ခွဲစိတ်ဆောင်ရှိ လူနာများနှင့် ခွဲစိတ်ခန်းတို့ကို ကြည့်ရှုစစ်ဆေးအားပေးသည်။

ယင်းနောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် တိုးချဲ့ခုတင်(၅၀)ဆံ့ ဆေးရုံအဆောက်အအုံ ဆောက်လုပ်ပြီးစီးမှု၊ ဆေးရုံကြီးပုံစံငယ်နှင့် (၂၄)နာရီဆေးဆိုင်တို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

(သတင်းစဉ်)

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

အရှေ့တောင်အာရှ တံခွန်စိုက် အနောက်တိုင်း လှေလှော်ပြိုင်ပွဲနှင့် အာရှဖလား အနောက်တိုင်းလှေလှော်ပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် မြန်မာလက်ရွေးစင် လှေလှော်အသင်း စင်ကာပူနိုင်ငံသို့ မထွက်ခွာမီ မေ ၂၈ ရက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ တွေ့ရစဉ်။

(လှေလှော်အဖွဲ့ချုပ်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး ဒေါ်နန်းရွှေမူန် နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညို

ရန်ကုန် မေ ၂၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး ဒေါ်နန်းရွှေမူန်တို့သည် မေ ၂၈ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာဓမ္မသဘင်၌ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ အမှူးပြုတော်မူသော နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညိုကြသည်။

ဖူးမြော်ကြည်ညိုရာသို့ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ၎င်းတို့၏ဇနီးများ၊ ဒုတိယဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ငါးပါးသီလခံယူဆောက်တည်

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသထံမှ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး ဒေါ်နန်းရွှေမူန်၊ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ၎င်းတို့၏ဇနီးများ၊ ဒုတိယဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ပရိသတ်တို့က ငါးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် ဆရာတော်၊ သံဃာတော်များက မေတ္တာသုတ်ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူကြသည်။

ဆက်ကပ်လှူဒါန်း

ယင်းနောက် ဒုတိယသမ္မတနှင့် ဇနီးတို့က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော်အား လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများနှင့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများက နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဗန်းမော်ဆရာတော်က ဩဝါဒကထာ မြွက်ကြားတော်မူသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တခေမိန္ဒသာမိထံမှ ဒုတိယသမ္မတနှင့် ဇနီးနှင့် ပရိသတ်တို့က အနုမောဒနာတရား နာကြားကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ် ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး ဒေါ်နန်းရွှေမူန်တို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြစဉ်။

(သတင်းစဉ်)

မင်းဗထူး ဘာသာပြန်သော "စဉ်းစားတွေးခေါ်မှုကို ပြောင်းလဲပါ" စာအုပ် တူဒေးစာအုပ်တိုက်မှ စတင်ဖြန့်ချိ

နေပြည်တော် မေ ၂၉

စာရေးဆရာ မင်းဗထူး၏ စာအုပ်တွင် "ဤကမ္ဘာကြီးသည် အတွေးအခေါ်ကောင်းသော လူများကို အမြဲလိုအပ်နေပါသည်" ဟူ၍ အစချီထားသည်။ တစ်နေရာတွင်မူ "စဉ်းစားတွေးခေါ်ရသော အလုပ်ကို လွယ်သည်ဟု ထင်နေကြသော လူများသည် ကိုယ်တိုင်မတွေးခေါ်ဖူးကြသူများသာဖြစ်သည်" ဟု ဖော်ပြလျက် ကမ္ဘာကျော် ရူပဗေဒပညာရှင် အိုင်းစတိုင်း၏ အောက်ပါစကားစုကို ရည်ညွှန်းထားသည်-

"စဉ်းစားတွေးခေါ်ခြင်းသည် ခက်ခဲပင်ပန်းသည့်အလုပ်ဖြစ်သည်၊ ထို့ကြောင့်လည်း လူအနည်းငယ်ကသာ ဤအလုပ်ကို လုပ်ဖြစ်ကြခြင်းဖြစ်သည်။"

၁၉၉၇ ခုနှစ်က ဆရာမင်းဗထူးကိုယ်တိုင် ရေးသားခဲ့သော "ခေါင်းဆောင်များအတွက် ဆုံးဖြတ်ချက်" စာအုပ်ကို နိဂုံးချုပ်ခဲ့ရာတွင် "အကောင်းဆုံးနှင့် အပြည့်ဝဆုံး အောင်မြင်မှုများဆီသို့ တက်လှမ်းရာတွင် အလိုအပ်ဆုံးသော စဉ်းစားတွေးခေါ်မှု လုပ်ငန်းစဉ်များကို နားလည်အောင် စဉ်းစားကြပါ" ဟု တိုက်တွန်းခဲ့သည်ကို သတိရမိသည်။ ၁၄ နှစ်ကြာခဲ့ပြီးနောက် ယခုထွက်ပေါ်လာသော ဤစာအုပ်သည် အဆိုပါ "အလိုအပ်ဆုံးသော စဉ်းစားတွေးခေါ်မှုလုပ်ငန်းစဉ်များ" ကို ဖော်ပြထားသော စာအုပ်ဖြစ်သည်။ **(အပေါ်ပုံ)**

ကမ္ဘာကျော်ခေါင်းဆောင်မှု စာရေးဆရာ John C.Maxwell ၏ "How Successful people think" စာအုပ်ကို ဘာသာပြန်ဆိုထားခြင်းဖြစ်ပြီး စာမျက်နှာ ၁၆၅ မျက်နှာရှိကာ တန်ဖိုးငွေကျပ် ၂၅၀၀ ဖြင့် တူဒေးစာအုပ်တိုက်မှ စတင်ဖြန့်ချိလိုက်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

ပြည်တွင်း၊ ပြည်ပ အားကစားသတင်းများ

ပြည်တွင်း၊ ပြည်ပ အားကစားသတင်းများ

မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်ကျော်စိုး ခေါင်းဆောင်သော မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ် ကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ မထွက်ခွာမီ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တွေ့ရစဉ်။

(လက်ဝှေ့အဖွဲ့ချုပ်)

မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ် ကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာ

ရန်ကုန် မေ ၂၉

မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်ကျော်စိုး ခေါင်းဆောင်၍ အမှုဆောင် ဦးစိုးမြင့်နှင့်ဦးတင်အောင်မြင့်တို့ ပါဝင်သော မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ် ကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ GUIYANG မြို့၌ ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ ဖိတ်ခေါ် လက်ဝှေ့ပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင် လက်ဝှေ့သမားများ၏ ယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးရန်နှင့် အာရှ လက်ဝှေ့အဖွဲ့ချုပ်များပြိုင်ပွဲ ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ရန် ယနေ့ မွန်းလွဲပိုင်းတွင် လေကြောင်းခရီးဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာသွားသည်။

အဆိုပါ ကိုယ်စားလှယ်အဖွဲ့အား မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးတင်လှိုင်နှင့် အမှုဆောင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဥရောပအကောင်းဆုံးအသင်းမှာ ဘာစီလိုနာအသင်းဖြစ်ကြောင်း ဖာဂူဆန်ဝန်ခံ

ဟန် သစ်

မန်ချက်စတာ မေ ၂၉

တနင်္ဂနွေနေ့ နံနက်ပိုင်းက ဝင်ဘလေကွင်း၌ ချန်ပီယံလိဂ်ဗိုလ်လုပွဲအဖြစ်

ဘာစီလိုနာအသင်းနှင့် မန်ယူအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဘာစီလိုနာက ပက်ဒရို၊ မက်ဆီ၊ ဒေးဗစ်ဗီလာတို့၏ သွင်းဂိုးများဖြင့် မန်ယူကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရပြီး ချန်ပီယံလိဂ်ဆုဖလားကြီးကို လေးကြိမ်မြောက် ကိုင်မြှောက်နိုင်ခဲ့သည်။ ထိုပွဲအပြီးတွင် ရှုံးနိမ့်ခဲ့ရသူ မန်ယူနည်းပြ ဖာဂူဆန် **(ဝဲပုံ)** က ဘာစီလိုနာအသင်းသည် ဥရောပတွင် အကောင်းဆုံးအသင်းဖြစ်ကြောင်း ချီးကျူးကာ ဝန်ခံစကားဆိုခဲ့သည်။

ဖာဂူဆန်က မိမိတို့အသင်း အင်္ဂလန်မြေ ဝင်ဘလေကွင်းတွင် ကစားခဲ့ရသော်လည်း ဘာစီလိုနာကိုမည်သို့မျှ မယှဉ်နိုင်ခဲ့ကြောင်း၊ ကစားခဲ့ဖူးသမျှ အသင်းများထဲတွင် ဘာစီလိုနာအသင်းသည် အကောင်းဆုံးဖြစ်ကြောင်း၊ မက်ဆီကိုလည်း လုံးဝမထိန်းချုပ်နိုင်ခဲ့ကြောင်း ပြောဆိုခဲ့သည်။ မန်ယူအသင်းသည် ဘာစီလိုနာအသင်းနှင့် ချန်ပီယံလိဂ်ဗိုလ်လုပွဲတွင် နှစ်ကြိမ်ဆုံတွေ့ခဲ့ရာ နှစ်ကြိမ်လုံးရှုံးပွဲကြုံခဲ့ရသည်။

ဖာဂူဆန်ကပင် ဆက်လက်၍ ဘာစီလိုနာအသင်းသည် မိမိတို့ကို ဖျော်ဖြေမှုပေးနိုင်ခဲ့သည့် အံ့ဖွယ်အသင်းတစ်သင်း ဖြစ်ကြောင်း၊ ၎င်းတို့ထက် ပိုကောင်းအောင်ကစားရန် ကြိုးပမ်းခဲ့သော်လည်း ပွဲအပြီးတွင် ပိုကောင်းသည့်အသင်းက အနိုင်ရသွားခြင်းသာ ဖြစ်ကြောင်း၊ ယခုနှစ်ရာသီသည် မိမိအတွက် ကြီးကျယ်သည့်နှစ် ဖြစ်ခဲ့သော်လည်း ဝင်ဘလေတွင် ကျရှုံးခဲ့ရခြင်းကို စိတ်ပျက်မိကြောင်း၊ ဘာစီလိုနာအသင်း၏ တစ်ချက်ထိအပေးအယူများက အားလုံးကို ဖမ်းစားသွားနိုင်သည်ကိုဖြင့် မချီးကျူးဘဲ မနေနိုင်ကြောင်း ဖာဂူဆန်က မိမိကိုအနိုင်ယူပြသွားသည့် ဂွါဒီယိုလာ၏ ဘာစီလိုနာကို ချီးကျူးထောမနာပြုလိုက်သည်။ ***အင်တာနက်။***

မန်ယူအသင်းအက်ရှ်လေယန်းကို တစ်ပတ်အတွင်းခေါ်ယူနိုင်မည်ဟုဆို

လန်ဒန် မေ ၂၉

ယခုနှစ် ဘောလုံးရာသီတွင် ပရီမီယာလိဂ်ဖလားတစ်လုံးတည်းနှင့်သာ ကျေနပ်ခဲ့ရသည့် မန်ယူအသင်းသည် ဗီလာအသင်းမှ အင်္ဂလန်လက်ရွေးစင် ကစားသမား အက်ရှ်လေယန်းကို တစ်ပတ်အတွင်း ခေါ်ယူနိုင်တော့မည်ဟု ဆိုသည်။

အဆိုပါ ဗီလာတောင်ပံကစားသမား အက်ရှ်လေယန်းကို လီဗာပူးနည်းပြ ကင်နီဒဲလ်ဂလက်ချ်ကလည်း ခေါ်ယူရန် စောင့်ကြည့်လျက်ရှိနေသည်။ သို့သော် မန်ယူအသင်းက ချန်ပီယံလိဂ်တွင် ရှုံးခဲ့၍ စိတ်ပျက်ဝမ်းနည်းနေသည့် ပရိသတ်များကို အားတက်သွားစေရန် အက်ရှ်လေယန်းကို ပေါင် ၁၅ သန်းပေး၍ လီဗာပူး ထက်လက်ဦးမှုရယူရန် ပြင်ဆင်လာခြင်းဖြစ်သည်။ အသင်းကြီးအတော်များများ၏ စိတ်ဝင်စားခြင်းကို ခံနေရသည့် အက်ရှ်လေယန်းကလည်း အိုးထရက်ဖို့ဒ်တွင် သာပြောင်းရွှေ့ကစားလိုသည်ဟု ထုတ်ဖော်ပြောကြားထားဖူးသည်။ ***အင်တာနက်။***

- တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
- တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

- မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
- ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
- အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား -
နားမယောင်လေနဲ့ သတိထား။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ရှိ မြန်မာသံရုံးနှင့် စစ်သံရုံးတို့မှ ဝန်ထမ်းများနှင့်မိသားစုများအား တွေ့ဆုံ

နေပြည်တော် မေ ၂၉

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ရောက်ရှိနေသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များလိုက်ပါလျက် မေ ၂၈ ရက် နံနက် ၁၁ နာရီ ၃၅ မိနစ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ရှိ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ သံအမတ်ကြီးနေအိမ်သို့ရောက်ရှိရာ သံအမတ်ကြီး ဦးတင်ဦးနှင့် ဇနီး၊ စစ်သံမှူး ဗိုလ်မှူးကြီးတင့်ဝေနှင့် ဇနီး၊ သံရုံး၊ စစ်သံရုံးဝန်ထမ်းများ၊ မိသားစုများ၊ ပေကျင်းမြို့၌ ပညာသင်ကြားလျက်ရှိသည့် သင်တန်းသားများက ဂါရဝပြု ကြိုဆိုကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် သံရုံးဝန်ထမ်းများ၊ မိသားစုများ၊ ပညာတော်သင် သင်တန်းသားများနှင့် တွေ့ဆုံ၍ မြန်မာနိုင်ငံတွင် အစိုးရအဖွဲ့သစ်လက်ထက် နိုင်ငံခြားရေးမူဝါဒ ပြောင်းလဲမှုမရှိဘဲ ကမ္ဘာ့နိုင်ငံများ၊ ဒေသတွင်းနှင့် အိမ်နီးချင်းနိုင်ငံများအားလုံးနှင့် ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံဆောင်ရွက်သွားမည့် အခြေအနေ၊ မြန်မာ-တရုတ်ဆက်ဆံရေးသည် သမိုင်းအစဉ်အလာရှိသည့် ဆွေမျိုးပေါက်ဖော်ဆက်ဆံရေး ဖြစ်ထွန်းခဲ့ပြီး မဟာဗျူဟာမြောက် ဆက်ဆံရေးအဆင့်သို့ ရောက်ရှိပြီဖြစ်သည့်အတွက် နှစ်နိုင်ငံဆက်ဆံရေးကို ဆတက်ထမ်းပိုး ကြိုးပမ်းမြှင့်တင် **စာမျက်နှာ ၃ ကော်လံ ၁ သို့** ☆

လက်ဆောင်ပစ္စည်းများပေးအပ်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပေကျင်းမြို့ရှိ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ သံအမတ်ကြီးနေအိမ်၌ သံအမတ်ကြီး၊ စစ်သံမှူး၊ ဝန်ထမ်းများ၊ မိသားစုများနှင့် ပညာတော်သင် သင်တန်းသားများအား လက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။ (သတင်းစဉ်)

ကြေးမုံ The Mirror
၃၀-၅-၂၀၁၁
(တနင်္လာနေ့)

သန့်ရှင်းသာယာလှပအောင် ဝိုင်းဝန်းစွမ်းဆောင်

မြို့ပြဝန်းကျင် သန့်ရှင်းသာယာလှပနေခြင်းသည် ပြည်သူတိုင်းကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းမှုကို ရစေသည်။ ပြည်သူများ၏ လူနေမှုဘဝ လိုအပ်ချက်များကို ဖြည့်ဆည်းဖော်ဆောင်ပေးရာတွင် လူမှုဝန်းကျင်၌ ရောဂါကင်းစင် ကျန်းမာသန့်ရှင်းရေးသည် အရေးပါသောကဏ္ဍတစ်ရပ်ဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီးသည် လူဦးရေများပြားစွာ နေထိုင်လျက်ရှိသော တိုင်းဒေသကြီးဖြစ်သည်။ ပြည်ပနှင့် ဆက်ဆံမှုများပြားသကဲ့သို့ ကုန်သွယ်စီးပွားကူးသန်းရောင်းဝယ်မှု စည်ကားလှသည်။ ရန်ကုန်မြို့သည် တိုင်းဒေသကြီး၏ စီးပွားရေးအချက်အချာ၊ အထက်အောက် ကုန်စည်စီးဆင်းရာ အဓိကအရေးပါသည်နှင့်အမျှ လူနေထူထပ် သိပ်သည်းလှသည့် မြို့ပြတစ်ခုဖြစ်သည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် မေ ၂၇ ရက်တွင် ရန်ကုန်မြို့သို့ ရောက်ရှိလာရာ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများနှင့် တွေ့ဆုံပြီး ဆောင်ရွက်သင့် ဆောင်ရွက်ထိုက်သည်များ ထိထိရောက်ရောက် ဆောင်ရွက်ရေး မှာကြားသည်။ အဆိုပါတွေ့ဆုံပွဲတွင် ဒုတိယသမ္မတက ရန်ကုန်မြို့နှင့်စပ်လျဉ်း၍ **"အခြားမြို့ကြီးများက စံနမူနာယူရသည့် သန့်ရှင်းသာယာလှပသော ရန်ကုန်မြို့ဖြစ်အောင် အားလုံး ဆက်လက် ဝိုင်းဝန်းဆောင်ရွက်ကြရန်ဖြစ်ကြောင်း"** မှာကြားသည်။

ရန်ကုန်တိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့က ကြိုးပမ်းနေပြီ။ စီးပွားရေး အချက်အချာကျသဖြင့် ယာဉ်သွားလာမှု လွယ်ကူချောမွေ့ရေး၊ မြို့တွင်းဝန်းကျင် ရေစီးရေလာ ကောင်းမွန်ရေး၊ မြို့ပြအင်္ဂါရပ်နှင့်အညီ ကျန်းမာသန့်ရှင်းရေး၊ ကူးစက်ရောဂါကာကွယ်ရေး၊ ပတ်ဝန်းကျင် သန့်ရှင်းရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် လုပ်ကိုင်နေကြပြီ။ သန့်ရှင်းသောသောက်သုံးရေရရှိရေး၊ အမှိုက်သရိုက်ရှင်းလင်းရေး၊ ယာဉ်သွားလမ်းနှင့် လူသွားစင်္ကြံများ ကောင်းမွန်သပ်ရပ်ရေးတို့ကိုလည်း စဉ်ဆက်မပြတ် လုပ်ဆောင်ကြရပေဦးမည်။

မြို့ပြတစ်ခွင် ဒေသစိမ်းလန်းစိုပြည်ရေးအတွက် သစ်ပင်ပန်းပင်စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ဆောင်နေကြပြီ။ ဥယျာဉ်ပန်းခြံများ၊ လမ်းလယ်ကျွန်းများ၊ အဝိုင်းများ၊ လမ်းမကြီးများဘေးတစ်လျှောက်တွင် ပန်းအလှပင်များ ဖူးပွင့်ဝေဆာနေကြပြီ။ ယခုနှစ် မိုးရာသီတွင် သစ်ပင်သန်းပေါင်း ၃၀ စိုက်ပျိုးရန် နိုင်ငံတော်က စီမံထားရာ ရန်ကုန်တိုင်းဒေသကြီးလည်း အပါအဝင်ဖြစ်သည်။ တိုင်းဒေသကြီးအတွင်း မိုးရာသီစိုက်ပျိုးရေးကာလတွင် သစ်ပင်ပျိုးပင် ၁၅ သိန်း စိုက်ပျိုးသွားမည်ဖြစ်သည်။ စိုက်ပျိုးပြီးသစ်ပင်များ ရှင်သန်ရေး ဆက်လက်ပြုစုကြရပေမည်။

မြို့ပြသန့်ရှင်းသာယာရေးသည် လူတိုင်းနှင့် သက်ဆိုင်သည်။ နေ့စဉ်နေ့တိုင်း လုပ်ဆောင်သွားရမည့် လုပ်ငန်းများလည်း ဖြစ်သည်။ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဦးဆောင်မှုနှင့်အတူ တိုင်းဒေသကြီးနှင့် မြို့ပြနေပြည်သူများအားလုံးက ကျန်းမာသန့်ရှင်း ရောဂါဘယကင်းရှင်းရေးနှင့် ရန်ကုန်မြို့ သန့်ရှင်းသာယာလှပရေးလုပ်ငန်းများတွင် စည်းကမ်းရှိရှိ တာဝန်သိသိ ဝိုင်းဝန်းပါဝင်ဆောင်ရွက်ကြခြင်းဖြင့် သန့်ရှင်းသာယာလှပသော စံနမူနာပြမြို့ကြီး ဖြစ်တည်လာမည် ဖြစ်ပါသည်။ ။

မိခင်လောင်းတို့ သိကောင်းစရာအဖြာဖြာ ပညာပေးဟောပြော

ရန်ကုန် မေ ၂၉

MO ASIA Co.,Ltd.-Dumex တွင် 'မိခင်လောင်းတို့သိကောင်းစရာအဖြာဖြာ' ဟောပြောပွဲအခမ်းအနားကို မေ ၂၁ ရက်က Summit Park View Hotel ၌ ကျင်းပသည်။**(အောက်ပုံ)**

အခမ်းအနားတွင် သားဖွားမီးယပ်အထူးကုဆရာဝန်ကြီး ဒေါက်တာမေသူမျိုးညွန့်က မိခင်လောင်းများအတွက် 'မိခင်လောင်းဘဝ ခရီးကိုးလ' အကြောင်းကို ဟောပြောဆွေးနွေးပြီး MO ASIA Co.,Ltd.-Dumex မှ ဒေါက်တာနှင်းနှင်းယုက ကိုယ်ဝန်ဆောင်နှင့် အာဟာရအကြောင်းကို ရှင်းလင်းပြောကြားသည်။

ယင်းအခမ်းအနားသို့ Dumex World Member များ၊ Mama Club Member မိခင်များနှင့် ဖိတ်ကြားထားသော မိခင်လောင်းများ တက်ရောက်အားပေးခဲ့ကြောင်းသိရသည်။

(ကြေးမုံ)

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် Deputy Chief of General Staff နှင့် တွေ့ဆုံ

နေပြည်တော် မေ ၂၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဦးဆောင်သည့် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်၌ အဖွဲ့ဝင်အဖြစ်လိုက်ပါလာသည့် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် Deputy Chief of General Staff General Ma Xiaotian နှင့် မေ ၂၇ ရက် နံနက် ၁၁ နာရီတွင် ပေကျင်းမြို့ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် Bayi ခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။

ယင်းသို့ တွေ့ဆုံဆွေးနွေးရာ၌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာစစ်သံမှူး (ကြည်း/ရေ/လေ) ဗိုလ်မှူးကြီးတင့်ဝေ တက်ရောက်ပြီး တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် Deputy Chief of General Staff General Ma Xiaotian နှင့်အတူ ကာကွယ်ရေးဝန်ကြီးဌာန နိုင်ငံခြားဆက်ဆံရေးရုံးမှ ညွှန်ကြားရေးမှူးချုပ် Major General Qian Lihua နှင့် အရှေ့တောင်အာရှ နိုင်ငံများရေးရာဌာန ဌာနမှူး Colonel Guo Hongtong တို့ တက်ရောက်ကြသည်။

နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မြဲစေရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာများကို ရင်းနှီးစွာ ဆွေးနွေးကြပြီးနောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် Deputy Chief of General Staff တို့သည် အမှတ်တရလက်ဆောင်များကို အပြန်အလှန်ပေးအပ်ကြသည်။

(သတင်းစဉ်)

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် Deputy Chief of General Staff General Ma Xiaotian တို့ ပေကျင်းမြို့ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် Bayi ခန်းမ၌ တွေ့ဆုံဆွေးနွေးစဉ်။

(သတင်းစဉ်)

တက္ကသိုလ်၊ကောလိပ် ဆရာ၊ဆရာမများ အထူးမွမ်းမံသင်တန်းဆင်းပွဲ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)၌ ကျင်းပ

နေပြည်တော် မေ ၂၉

တက္ကသိုလ်၊ကောလိပ် ဆရာ၊ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၁၆)သင်တန်းဆင်းပွဲ အခမ်းအနားကို ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)၌ ယမန်နေ့ နံနက် ၉ နာရီတွင် ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး တက်ရောက်အမှာစကားပြောကြားပြီး ပြည်ထောင်စုရာထူးဝန်အဖွဲ့ -အဖွဲ့ဝင် ဒေါက်တာဝင်းမြင့်၊ မန္တလေးတိုင်းဒေသကြီး ပညာရေးနှင့်ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာဝင်းလှိုင်၊ အလုပ်သမားရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးအောင်မောင်းနှင့် တာဝန်ရှိသူများ၊ တက္ကသိုလ်၊ကောလိပ်များမှ သင်တန်းသား၊ သင်တန်းသူ ဆရာ၊ ဆရာမ စုစုပေါင်း ၄၈၀ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကုန်သည်/စက်မှုအသင်းချုပ်၌ ဟောပြောပွဲကျင်းပမည်

ရန်ကုန် မေ ၂၉

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်က ကြီးမှူးကျင်းပသော လစဉ်ဘာသာရပ်ဆိုင်ရာ ဟောပြောပွဲ (ဇွန်/၂၀၁၁) ကို ဇွန် ၄ ရက် (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ RUMFCCI Office Tower ပထမထပ်ခန်းမ၌ ပါမောက္ခ ဒေါက်တာမောင်မောင်စိုးက "Myanmar Towards 2030 in ASEAN" ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်ရာ စိတ်ပါဝင်စားသူမည်သူမဆို တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၃၀-၅-၂၀၁၁ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၄	၁။	နိုင်ငံတော်သီချင်း
၇း၀၅	၂။	တရားတော်
၇း၂၀	၃။	ဓမ္မပူဇာတေး
၇း၂၅	၄။	မျိုးချစ်တပ်မတော်
၇း၃၀	၅။	မြန်မာ့ရှုခင်း
၇း၃၅	၆။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၀	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၄	၁။	နိုင်ငံတော်သီချင်း
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	မျိုးချစ်တပ်မတော်
၄း၁၅	၄။	စိုက်ပျိုးသုတ
၄း၃၀	၅။	ရင်မှာစွဲလမ်း တော်ဝင်ပန်း
၄း၄၅	၇။	ဗွီစီဒီကျော်ကြားတေး
၄း၅၅	၈။	အသီးတစ်ရာအညှာတစ်ခု
၅း၁၀	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၀	၁၀။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဟာသလွှင်ပြင် (အပိုင်း-၅)**
၆း၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၂။	အမျိုးသားရေးတေးကဗျာ
၆း၂၀	၁၃။	သံစဉ်လမ်းက လင်းလက်ကြယ်
၇း၀၀	၁၄။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -လမင်းနေမင်းကြယ်တစ်စင်း (အပိုင်း-၁၄)**
၈း၀၀	၁၅။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၆။	အမျိုးသားရေးတေးကဗျာ
	၁၇။	ဒို့တာဝန်အရေးသုံးပါး
	၁၈။	နိုင်ငံတကာသတင်း
	၁၉။	မိုးလေဝသသတင်း
	၂၀။	Talk Of The Town
	၂၁။	မေးမြန်းစူးစမ်း
	၂၂။	သီဆိုဖြေဖျော်တစ်ကိုယ်တော်
	၂၃။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၄။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အချစ်တို့တည်ရာ (အပိုင်း-၁၉)**
	၂၅။	Mini Series
	၂၆။	သင့်အတွက်မနက်ဖြန်

ဗုဒ္ဓစွယ်တော်တိုက်ရှိ ကျွန်းတန်ဆောင်း ကြည့်ရှု

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပေကျင်းမြို့ Ba Da Chu ဥယျာဉ်၌ မြန်မာနိုင်ငံမှ လှူဒါန်းသည့် ကျွန်းသစ်များဖြင့် ပြုပြင်တည်ဆောက်ထားသည့် ဗုဒ္ဓစွယ်တော်တိုက်ရှိ ကျွန်းတန်ဆောင်းကို ကြည့်ရှုစဉ်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃၀-၅-၂၀၁၁ (တနင်္လာနေ့)

AM & PM

၅း၀၀	MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ရတနသုတ်
၅း၂၀	MRTV-4 သတင်း
၅း၅၀	“ဝိရိယဉာဏ်အရင်းခံ ကောင်းကံအကျိုးရ”တရားတော်
၆း၅၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “နွေးထွေးသောမေတ္တာ” (အပိုင်း-၁၉)**
၇း၃၀	MRTV-4 သတင်း
၈း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “အနားမညီအချစ်” (အပိုင်း-၇၇)**
၈း၄၅	မြတ်သောအလှူကုသိုလ်ယူ ရတနာမွန်ကျောင်းတော်ကြီးနှင့် ပဗ္ဗဇ္ဇအလှူ
၉း၀၅	နှစ်(၁၀၀)ပြည့် အောင်ပွဲမှသည်. .
၉း၂၀	Activities In The City
၉း၄၀	MRTV-4 ကျန်းမာရေးကဏ္ဍ
၁၀း၁၅	ကုသိုလ်ယူဆင်ကာန္တဲ. . . ပြဟ္မဏကောဏ္ဍညသိမ်အောင်ပွဲ
၁၀း၃၀	The Champion of Dance
၁၁း၁၀	Celebrity Choice
၁၁း၄၀	MRTV-4 ကာတွန်းအစီအစဉ်
၁၂း၁၅	စားချင်စဖွယ်နည်းအသွယ်သွယ်
၁၂း၄၀	ရွှေလင်းယုန် ဆရာတော်ဘုရားကြီး၏ စိန်ရတုဝိဇာတမင်္ဂလာ
၁း၀၀	“ဝိရိယဉာဏ်အရင်းခံ ကောင်းကံအကျိုးရ” တရားတော်
၂း၀၀	MRTV-4 သတင်း
၂း၂၀	FMF Selection
၂း၅၅	နိဗ္ဗန္ဓပန်းတို့လန်းရာ. . . သုံးခွမြေ
၃း၁၀	GANO Excel Myanmar ၏ နှစ်ပတ်လည်ဂုဏ်ပြုအခမ်းအနား
၃း၂၅	MRTV-4 **ရုပ်သံဇာတ်လမ်းတွဲ “နွေးထွေးသောမေတ္တာ” (အပိုင်း-၁၉)**
၄း၁၀	MRTV-4 **ရုပ်သံဇာတ်လမ်းတွဲ “အနားမညီအချစ်” (အပိုင်း-၇၇)**
၅း၀၀	ပေးဆပ်သူများအတွက်. . . ကန္တရဝဿ
၅း၃၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၆း၀၀	MRTV-4 သတင်း
၆း၂၀	ဗီဒီယိုပြခန်း
၆း၄၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “နွေးထွေးသောမေတ္တာ” (အပိုင်း-၂၀)**
၇း၂၀	Hip Hop's Hardcore Live Show (Part-1)
၈း၀၀	MRTV-4 သတင်း
၈း၃၀	စကားနပန်း
၉း၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “အနားမညီအချစ်” (အပိုင်း-၇၈)**
၁၀း၁၅	Sunday Talk [ဦးရဲမြင့် (Solar Hut)၊ မျိုးမြတ်သူ]
၁၀း၄၅	မှတ်မှတ်ရရ. . . မြစ်ငယ် အထက
၁၁း၀၅	အနုပညာမိုးကောင်းကင်
၁၁း၂၅	မျက်စိအမြင်ရှင်သန်ရေးပဏာမ မျက်စိကျန်းမာရေး စောင့်ရှောက်ပေး
၁၁း၃၅	International Show Biz
၁၁း၅၅	စိတ်ကူးတို့နှင့်မြမြင့်မိုရ်
၁၂း၁၀	ဈေးဝယ်လမ်းညွှန်
၁၂း၃၀	တိုးပွားဆောင်ရွက်နိုင်ငံ့လက် ဖေးကူမွေးမြူတို့အတူ
၁၂း၄၀	ကြည်နူးစရာ လက်ဆောင်အဖြာဖြာ
၁း၀၅	နောက်မကျရအောင်
၁း၁၅	Shooting Location
၁း၃၀	Celebrity Profile
၂း၁၀	ဆင်လိမ္မာတို့နားခိုရာ မြိုင်ဟေဝန်စခန်းမှာ
၂း၃၅	မောတို့ဌာနီရှမ်းတို့မြေမှ တောင်ကြီးမြို့နှင့် ရိုးရာမင်္ဂလာ
၂း၅၅	ကဏ္ဍစုံလင်အားကစားအစီအစဉ်
၃း၅၅	လင်းလက်တောက်ပ မီးဆိုင်းအလှ
၄း၁၀	စိုက်ပျိုးစီးပွားဖြစ်ထွန်းဖို့ ဇီဝမြေဩဇာသုံးစွဲစို့
၄း၃၀	စက္ကူရွက်ဝေရှမ်းထီးသက်သေ
၄း၄၅	ငွေဆောင်ဒေသရဲ့ သရက်တောထိုးမုန့်
၄း၅၀	ရှေးမူလက်ရာလေ့လာစရာ ဖိုလ်ဝင်နှင့် ရွှေဘိုတောင်တော်မှာ
၅း၀၀	အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

၂၀၁၁ ခုနှစ် ဇွန်လပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

ဘင်္ဂလားပင်လယ်အော်အခြေအနေ

အနောက်တောင်မုတ်သုံလေသည် ဇွန်လပထမ ၁၀ ရက်ပတ်အတွင်း မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများနှင့် မြောက်ပိုင်းဒေသများသို့ အသီးသီးဝင်ရောက်နိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနိုင်သည်။

မိုးအခြေအနေနှင့် မိုးရွာရက်

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမှုမြဲထက်ပိုကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် ရွာနိုင်သည်။

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၁၅ ရက်မှ ၁၉ ရက်ခန့်၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ၁၀ ရက်မှ ၁၄ ရက်ခန့်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ၅ ရက်မှ ၉ ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

မြစ်ရေအခြေအနေ

၂၀၁၁ ခုနှစ် ဇွန်လအတွင်း ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်၊ သံလွင်မြစ်၊ စစ်တောင်းမြစ်၊ ဒုဋ္ဌဝတီမြစ်၊ ရွှေကျင်မြစ်၊ ပဲခူးမြစ်နှင့် ငဝန်မြစ်တစ်လျှောက်ရှိ မြို့များတွင် မြစ်ရေများသည် လက်ရှိရေမှတ်များ၏အထက် မြင့်တက်လာနိုင်သော်လည်း ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးသို့ ရောက်နိုင်ဖွယ်မရှိပါ။

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် အဝေးပြေးကုန်တင်ယာဉ် ရုပ်နားစခန်းနှင့် ကုန်စည်ဒိုင်များ တည်ဆောက်ရေးစီမံကိန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၂၉

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်သည် မေ ၂၃ ရက် ညနေ ၄ နာရီခွဲတွင် မန္တလေးမြို့ အမရပူရမြို့နယ်ရှိ မြို့တော်စည်ပင်သာယာရေးကော်မတီက ဆောက်လုပ်လျက်ရှိသော အဝေးပြေးကုန်တင်ယာဉ်ရပ်နားစခန်းနှင့် ကုန်စည်ဒိုင်များ တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိရာ မန္တလေးမြို့တော်ဝန် စည်ပင်သာယာရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးဖုန်းဇော်ဟန်က ပြင်ပလမ်းများ၊အတွင်းလမ်းများ၊ ယာဉ်ရပ်နားနေရာ၊ ပွဲရုံနှင့် ကုန်စည်ဒိုင်များ၊ သိုလှောင်ရုံများ ဆောက်လုပ်ပြီးစီးနေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

မှာကြား

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က မန္တလေးမြို့တွင်း ကုန်တင်ယာဉ်ကြီးများ သွားလာမှုထိန်းချုပ်ရေး အောင်မြင်အောင် ဆောင်ရွက်ရန် မှာကြားပြီး ဆောက်လုပ်လျက်ရှိသော အဝေးပြေးကုန်တင်ယာဉ်ရပ်နားစခန်းနှင့် ကုန်စည်ဒိုင်များ တည်ဆောက်ရေးလုပ်ငန်းခွင်သို့ လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မေ ၂၄ ရက်တွင် ချမ်းအေးသာစံမြို့နယ် (၃၄)လမ်း၊ (၈၄)လမ်းနှင့် (၈၅)လမ်းကြား အောင်နန်းရိပ်သာအနောက်ရပ်ကွက်ရှိ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း (မန္တလေးရုံးခွဲ) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဒုတိယဝန်ကြီးက ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ကြီး၏ ရပ်တည်ချက်အား မြန်မာနိုင်ငံက ထောက်ခံကြောင်း၊ သို့ရာတွင် နိုင်ငံရေးဖိအားပေးသည့်အနေဖြင့် နိုင်ငံကြီးတချို့၏ ကုန်သွယ်ရေးနှင့် စီးပွားရေးအပေါ် တစ်ဖက်သတ် ပိတ်ဆို့ချက်များအား ရုပ်သိမ်းရန် ပြောကြားခဲ့သည်။ ထို့အပြင် မြန်မာနိုင်ငံတွင် အစိုးရသစ်၏ နိုင်ငံခြားရေးမူဝါဒနှင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်သည့် မူကြီး(၅)ချက်နှင့်အညီ အပြည်ပြည်ဆိုင်ရာနှင့် ဒေသတွင်းအဖွဲ့အစည်းများတွင် ပါဝင်ဆောင်ရွက်လျက်ရှိကြောင်းနှင့် မြန်မာနိုင်ငံ၏ လတ်တလောနိုင်ငံရေး ဖြစ်ပေါ်တိုးတက်မှုများကို ရှင်းလင်းပြောကြားခဲ့သည်။

မြန်မာကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင် ဒုတိယဝန်ကြီးသည် အစည်းအဝေးကာလအတွင်း ကိုလံဘီယာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး၊ မိုရိုကိုဘုရင်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး၊ တီမောလက်စ်တေနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး၊ ဘူတန်ဘုရင်နိုင်ငံ ခေတ္တနိုင်ငံခြားရေးဝန်ကြီး၊ သီရိလင်္ကာနိုင်ငံ နိုင်ငံခြားလုပ်သားတိုးချဲ့ရေးနှင့် လူမှုဝန်ထမ်းဝန်ကြီးတို့နှင့် တွေ့ဆုံ၍ နှစ်နိုင်ငံ အကျိုးတူပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

(၁၆)ကြိမ်မြောက် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ ဝန်ကြီးအဆင့် အစည်းအဝေးမှ Final Document ကို အတည်ပြုခဲ့သည်။ထို့အပြင် အစည်းအဝေးမှ Declaration on Palestine Political Prisoners၊ Bali Commemorative Declaration နှင့် Statement on the Total Elimination of Nuclear Weapons တို့ကို အတည်ပြုထုတ်ပြန်ခဲ့ကြောင်းသတင်းရရှိသည်။ (သတင်းစဉ်)

၂၀၁၁ ခုနှစ် ဇွန်လ ပထမ ၁၀ ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

ဘင်္ဂလားပင်လယ်အော်အခြေအနေ

အနောက်တောင်မုတ်သုံလေသည် ဇွန်လပထမ ၁၀ ရက်ပတ်အတွင်း မြန်မာနိုင်ငံအလယ်ပိုင်းဒေသများနှင့် မြောက်ပိုင်းဒေသများသို့ အသီးသီးဝင်ရောက်နိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့် ရှိနိုင်သည်။

မိုးအခြေအနေနှင့် မိုးရွာရက်

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမှုမြဲထက်ပိုကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် ရွာနိုင်သည်။

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၅ ရက်မှ ၇ ရက်ခန့်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ၃ ရက်မှ ၄ ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

မြစ်ရေအခြေအနေ

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့နှင့် ကသာမြို့တို့တွင် ၁၈၀ စင်တီမီတာ(၆ ပေခန့်)၊ မန္တလေးမြို့နှင့် စစ်ကိုင်းမြို့တို့တွင် ၁၂၀ စင်တီမီတာ(၄ ပေခန့်)၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ၉၀ စင်တီမီတာ (၃ ပေခန့်) လက်ရှိရေမှတ်များ၏အထက် မြင့်တက်လာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့နှင့် ဟုမ္မလင်းမြို့တို့တွင် ၁၈၀ စင်တီမီတာ (၆ ပေခန့်)၊ မော်လိုက်မြို့၊ ကလေးဝမြို့နှင့် မုံရွာမြို့တို့တွင် ၉၀ စင်တီမီတာ (၃ ပေခန့်) လက်ရှိ ရေမှတ်များ၏အထက် မြင့်တက်လာနိုင်သည်။

သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ရန်ကုန်ကလေးဆေးရုံကြီးနှင့် ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီးတို့ကို ကြည့်ရှုစစ်ဆေး

ကြည့်ရှုအားပေး

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး ဆီးနှင့်ကျောက်ကပ် ခွဲစိတ်အထူးကုသဆောင်ရှိ လူနာများအား ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ရန်ကုန် မေ ၂၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများလိုက်ပါလျက် မေ ၂၈ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ပြည်ထောင်စုရိပ်သာလမ်းရှိ ရန်ကုန်ကလေးဆေးရုံကြီးကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ရန်ကုန်ကလေးဆေးရုံကြီး တိုးချဲ့ဆောင်သစ် အစည်းအဝေးခန်းမ၌ ဆေးရုံအုပ်ကြီး ဒေါက်တာအောင်ကြည်ဝင်းက ရန်ကုန်ကလေးဆေးရုံကြီးကို ၁၉၆၂ ခုနှစ်တွင် ရန်ကုန်မြို့ မြေနီကုန်းရှိ ယခု ကျန်းမာရေးပြတိုက်အဖြစ် ဖွင့်လှစ်ထားသည့်နေရာ၌ ခုတင်(၆၀)ဆေးရုံအဖြစ် စတင်ဖွင့်လှစ်ခဲ့ပါကြောင်း၊ ၁၉၆၃ ခုနှစ်တွင် ပြည်ထောင်စုရိပ်သာလမ်းသို့ ပြောင်းရွှေ့ပြီး ခုတင်(၈၀) ဆေးရုံအဖြစ် ဖွင့်လှစ်ခဲ့ပါကြောင်း၊ ယခုအခါ ခုတင်(၅၅၀)ဆံ့ ဆေးရုံကြီးအဖြစ် ဖွင့်လှစ်ကုသပေးလျက်ရှိပါကြောင်း။

ရန်ကုန်မြို့ ကလေးဆေးရုံကြီး၌ မနန်းစိုး/မနန်းစံ၊ အေးအေးငြိမ်း/အိအိငြိမ်း၊ စိုပြေလင်း/စိုပြေဝင်း ရင်ချင်းဆက် အမြွှာများကို အောင်မြင်စွာ ခွဲစိတ်ကုသပေးနိုင်ခဲ့ပါကြောင်း။

ယခင် ကျန်းမာရေးဝန်ကြီးဌာန ရုံးဟောင်းကို တိုးချဲ့ဆောင်သစ်အဖြစ် ပြင်ဆင်ဆောက်လုပ်လျက် ရှိပါကြောင်း၊ ပြင်ဆင်ပြီးစီးပါက ခုတင်(၂၀၀) တိုးချဲ့နိုင်မည်ဖြစ်ရာ စုစုပေါင်း ခုတင်(၇၅၀)ဆံ့ ဆေးရုံကြီး ဖြစ်လာမည်ဖြစ်ပါကြောင်းဖြင့် တင်ပြပြီး ဝန်ထမ်းအင်အား၊ ဝန်ထမ်းအိမ်ရာအခြေအနေများ၊ ဆေးကုသပေးနိုင်မှုများ၊ ဖြည့်ဆည်းပေးရန် လိုအပ်သည်များကို ဖြည့်စွက်ရှင်းလင်းတင်ပြရာ ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစောလွင်က ဖြည့်စွက်တင်ပြသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက မှာကြားရာ၌ မိမိအနေဖြင့် ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဝန်ကြီးများနှင့်အတူ ကလေးဆေးရုံကြီး၏ ဆေးကုသရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာ အခြေအနေများကို လေ့လာကြည့်ရှုရန်နှင့် လိုအပ်ချက်များရှိကလည်း ညှိနှိုင်းဖြေရှင်းပေးသွားရန် ယနေ့ လာရောက်ခြင်းဖြစ်ကြောင်း။

ယနေ့ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေအသစ်အရ ပြည်ထောင်စုအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဟူ၍ အုပ်ချုပ်ရေးအဖွဲ့အစည်း (၂)ရပ် ရှိလာကြောင်း။

တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် ယင်းတို့၏ ဒေသအတွင်းရေးရာကိစ္စများကို လျင်လျင်မြန်မြန်နှင့် ထိထိရောက်ရောက် အနီးကပ်စီမံခန့်ခွဲ ဆောင်ရွက်ပေးသွားကြရန် လိုအပ်သကဲ့သို့ ယင်းတို့မှ ဆောင်ရွက်မပေးနိုင်သည့် ကိစ္စရပ်များကိုလည်း သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ပြည်ထောင်စုအစိုးရ အဖွဲ့တို့သို့ အချိန်နှင့်တစ်ပြေးညီ ဆက်လက်တင်ပြဆောင်ရွက်ပေးသွားကြရန်လိုပါကြောင်း။

ပြည်သူများ၏ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ပေးလျက်ရှိရာတွင် ဆရာဝန်၊ ဆရာမများအပါအဝင် ကျန်းမာရေးဝန်ထမ်းများအနေဖြင့် ဆေးဝါးကုသမှုကောင်းမွန်ရုံမျှသာမက နွေးထွေးပျူငှာစွာဖြင့် လူနာများ၏ ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ ခံစားနေရမှုများ ငြိမ်းအေးပပျောက်လျော့ပါးသွားအောင် ဆောင်ရွက်ပေးကြရန် တိုက်တွန်းပါကြောင်း။

မိမိတို့ ဆေးရုံကြီးများနှင့် ကျန်းမာရေးဝန်ထမ်းများအပေါ် လူနာများ၏ အားကိုးချစ်ခင်မှုများရရှိအောင် စေတနာ၊ မေတ္တာတရားတို့ဖြင့် ကျန်းမာရေးဆောင်ရွက်မှုလုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်ကြရန် လိုပါကြောင်း။

လူနာများအတွက် လိုအပ်သည့် ဆေးဝါးပစ္စည်းများကို စျေးနှုန်းမှန်မှန်ဖြင့် အချိန်တိုအတွင်း ဝယ်ယူရရှိရေး၊ ဆေးပစ္စည်းမှန်ကန်ရေးအတွက် ဆေးရုံကြီးကြပ်ဆေးဆိုင်များ ဖွင့်လှစ်ထားရာ ဆေးဆိုင်များဖွင့်လှစ်ရသည့် ရည်ရွယ်ချက်များ အမှန်တကယ် အကျိုးခံစားနိုင်အောင် အလေးထားဆောင်ရွက်ရန် လိုပါကြောင်း၊ ယခုပြုပြင်မွမ်းမံနေသည့် ဆေးရုံအမြန်ပြီးစီးရေးအတွက် ကြီးကြပ်ဆောင်ရွက်ပေးရန် ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် တိုးချဲ့ဆောင်သစ် မြေညီထပ်၌ ဦးနှောက်နှင့် အာရုံကြော ကုသဆောင်နှင့် ကလေးနှလုံးရောဂါ ကုသဆောင် ဖွင့်လှစ်ရန် ပြင်ဆင်ဆောင်ရွက်ထားမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ သီးသန့်ခန်းများ အခြေအနေနှင့် သီးသန့်ခန်းများ၌ ကလေးများ တက်ရောက်ကုသနေမှု၊ ဆေးရုံကြီးကြပ်ဆေးဆိုင် ဖွင့်လှစ်ရောင်းချမှု၊ အထူးကြပ်မတ်ကုသဌာနနှင့် ကလေးငယ်များ အခြေအနေ၊ သွေးလွန်တုပ်ကွေး ဆေးကုသဆောင်နှင့် ကလေးငယ်များ အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ဒုတိယထပ် ကလေးအာဟာရ ရောဂါကုသမှုဌာနရှိ အင်ကြင်းခိုင်နှင့် အင်ကြင်းလှိုင်၊ ရန်ကင်းနှင့် ရန်ရှင်း ရင်ချင်းဆက် အမြွှာများကို ကြည့်ရှုစစ်ဆေးအားပေးရာ ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများက ခွဲစိတ်ရန် စီစဉ်ထားမှုများကို ရှင်းလင်းတင်ပြကြသည်။

ထိုမှတစ်ဆင့် လမ်းမတော်မြို့နယ်ရှိ ရန်ကုန် အထွေထွေရောဂါကုဆေးရုံသစ်ကြီးသို့ရောက်ရှိရာ ဆေးရုံအုပ်ကြီးနှင့် ပါမောက္ခ/ဌာနမှူးများ၊ ဆရာဝန်ကြီးများက ကြိုဆိုကြသည်။

ထို့နောက် ဆေးရုံကြီးခန်းမ၌ ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်လှကြင်က ဤဆေးရုံကြီးကို ၁၉၈၄ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ခုတင်(၂၂၀) ဆံ့ ဆေးရုံဖြစ်ပါကြောင်း၊ ဆေးပညာဌာန၊ အဆိပ်သင့်ကုဌာန၊ အထွေထွေခွဲစိတ်ကုဌာန၊ ဆီးနှင့်ကျောက်ကပ်ခွဲစိတ်ကုဌာန စသည့် အထူးကုပညာဌာန လေးခုဖြင့် ကုသရေးနှင့် သင်ကြားရေးတို့ကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ယခုအခါ ခုတင်(၅၀) ဆံ့ ဆေးရုံအဆောက်အအုံကို တိုးချဲ့ဆောက်လုပ်လျက်ရှိကြောင်းနှင့် ဆေးရုံကြီး၏ လိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပါမောက္ခ/ဌာနမှူးများ၊ သူနာပြုဆရာမကြီးများက ဆေးရုံကြီး၏ လိုအပ်ချက်များကို တင်ပြကြရာ ရန်ကုန်တိုင်းဒေသကြီး ပညာရေး၊ ကျန်းမာရေး၊ နိုင်ငံခြားရေးနှင့် လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ထွန်းဦး၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေတို့က ဝန်ထမ်းအိမ်ရာကိစ္စများ အပါအဝင် ဆေးရုံကြီး၏အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက ဝန်ထမ်းအိမ်ရာ ကိစ္စရပ်များ၊ ဆေးရုံကြီး၌ ဆင်းရဲနွမ်းပါးချို့တဲ့သည့် လူနာများအား အခမဲ့(Free of Charge) ကုသပေးနေမှုများကို ထပ်မံမေးမြန်းပြီး လူနာများအား နွေးထွေးစွာကြိုဆို၍ စေတနာဖြင့် ပြုစုကုသပေးရေး၊ လူနာများ အားကိုးလေးစားချစ်ခင်သည့် ကျန်းမာရေးဝန်ထမ်းများအဖြစ် ကြိုးပမ်းဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ဆီးနှင့် ကျောက်ကပ်ခွဲစိတ် အထူးကုသဆောင်ရှိ လူနာများ၊ ဆေးကုသဆောင်ရှိ လူနာများ၊ စာသင်ခန်း၊ အလုပ်သင် ဆရာဝန်ခန်း၊ ခွဲစိတ်ဆောင်ရှိ လူနာများနှင့် ခွဲစိတ်ခန်းတို့ကို ကြည့်ရှုစစ်ဆေးအားပေးသည်။

ယင်းနောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် တိုးချဲ့ခုတင်(၅၀)ဆံ့ ဆေးရုံအဆောက်အအုံ ဆောက်လုပ်ပြီးစီးမှု၊ ဆေးရုံကြီးပုံစံငယ်နှင့် (၂၄)နာရီ ဆေးဆိုင်တို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

(သတင်းစဉ်)

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ရန်ကုန်ကလေးဆေးရုံကြီး အထူးကြပ်မတ်ကုသဆောင်၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

အရှေ့တောင်အာရှ တံခွန်စိုက် အနောက်တိုင်း လှေလှော်ပြိုင်ပွဲနှင့် အာရှဖလား အနောက်တိုင်းလှေလှော်ပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် မြန်မာလက်ရွေးစင် လှေလှော်အသင်း စင်ကာပူနိုင်ငံသို့ မထွက်ခွာမီ မေ ၂၈ ရက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ တွေ့ရစဉ်။

(လှေလှော်အဖွဲ့ချုပ်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီး ဒေါ်နန်းရွှေမှုန် နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညို

ရန်ကုန် မေ ၂၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး ဒေါ်နန်းရွှေမှုန်တို့သည် မေ ၂၈ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာဓမ္မသဘင်၌ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ အမှူးပြုတော်မူသော နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညိုကြသည်။

ဖူးမြော်ကြည်ညိုရာသို့ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ၎င်းတို့၏ဇနီးများ၊ ဒုတိယဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ငါးပါးသီလခံယူဆောက်တည်

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသထံမှ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး ဒေါ်နန်းရွှေမှုန်၊ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ၎င်းတို့၏ဇနီးများ၊ ဒုတိယဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ပရိသတ်တို့က ငါးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် ဆရာတော်၊ သံဃာတော်များက မေတ္တာသုတ်ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူကြသည်။

ဆက်ကပ်လှူဒါန်း

ယင်းနောက် ဒုတိယသမ္မတနှင့် ဇနီးတို့က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော်အား လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများနှင့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများက နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဗန်းမော်ဆရာတော်က ဩဝါဒကထာ မြွက်ကြားတော်မူသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တခေမိန္ဒသာမိထံမှ ဒုတိယသမ္မတနှင့် ဇနီးနှင့် ပရိသတ်တို့က အနုမောဒနာတရား နာကြားကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ် ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး ဒေါ်နန်းရွှေမှုန်တို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြစဉ်။

(သတင်းစဉ်)

မင်းပထူး ဘာသာပြန်သော "စဉ်းစားတွေးခေါ်မှုကို ပြောင်းလဲပါ" စာအုပ် တူဒေးစာအုပ်တိုက်မှ စတင်ဖြန့်ချိ

နေပြည်တော် မေ ၂၉

စာရေးဆရာ မင်းပထူး၏ စာအုပ်တွင် "ဤကမ္ဘာကြီးသည် အတွေးအခေါ်ကောင်းသော လူများကို အမြဲလိုအပ်နေပါသည်" ဟူ၍ အစချီထားသည်။ တစ်နေရာတွင်မူ "စဉ်းစားတွေးခေါ်ရသော အလုပ်ကို လွယ်သည်ဟု ထင်နေကြသော လူများသည် ကိုယ်တိုင်မတွေးခေါ်ဖူးကြသူများသာဖြစ်သည်" ဟု ဖော်ပြလျက် ကမ္ဘာကျော် ရူပဗေဒပညာရှင် အိုင်းစတိုင်း၏ အောက်ပါစကားစုကို ရည်ညွှန်းထားသည်-

"စဉ်းစားတွေးခေါ်ခြင်းသည် ခက်ခဲပင်ပန်းသည့်အလုပ်ဖြစ်သည်၊ ထို့ကြောင့်လည်း လူအနည်းငယ်ကသာ ဤအလုပ်ကို လုပ်ဖြစ်ကြခြင်းဖြစ်သည်။"

၁၉၉၇ ခုနှစ်က ဆရာမင်းပထူးကိုယ်တိုင် ရေးသားခဲ့သော "ခေါင်းဆောင်များအတွက် ဆုံးဖြတ်ချက်" စာအုပ်ကို နိဂုံးချုပ်ခဲ့ရာတွင် "အကောင်းဆုံးနှင့် အပြည့်ဝဆုံး အောင်မြင်မှုများဆီသို့ တက်လှမ်းရာတွင် အလိုအပ်ဆုံးသော စဉ်းစားတွေးခေါ်မှု လုပ်ငန်းစဉ်များကို နားလည်အောင် စဉ်းစားကြပါ" ဟု တိုက်တွန်းခဲ့သည်ကို သတိရမိသည်။ ၁၄ နှစ်ကြာခဲ့ပြီးနောက် ယခုထွက်ပေါ်လာသော ဤစာအုပ်သည် အဆိုပါ "အလိုအပ်ဆုံးသော စဉ်းစားတွေးခေါ်မှုလုပ်ငန်းစဉ်များ" ကို ဖော်ပြထားသော စာအုပ်ဖြစ်သည်။ **(အပေါ်ပုံ)**

ကမ္ဘာကျော်ခေါင်းဆောင်မှု စာရေးဆရာ John C.Maxwell ၏ "How Successful people think" စာအုပ်ကို ဘာသာပြန်ဆိုထားခြင်းဖြစ်ပြီး စာမျက်နှာ ၁၆၅ မျက်နှာရှိကာ တန်ဖိုးငွေကျပ် ၂၅၀၀ ဖြင့် တူဒေးစာအုပ်တိုက်မှ စတင်ဖြန့်ချိလိုက်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မှူးယစ်ဆေး

ပြည်တွင်း၊ ပြည်ပ အားကစားသတင်းများ

ပြည်တွင်း၊ ပြည်ပ အားကစားသတင်းများ

မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်ကျော်စိုး ခေါင်းဆောင်သော မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ် ကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ မထွက်ခွာမီ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တွေ့ရစဉ်။

(လက်ဝှေ့အဖွဲ့ချုပ်)

မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ် ကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာ

ရန်ကုန် မေ ၂၉

မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်ကျော်စိုး ခေါင်းဆောင်၍ အမှုဆောင် ဦးစိုးမြင့်နှင့်ဦးတင်အောင်မြင့်တို့ ပါဝင်သော မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ် ကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ GUIYANG မြို့၌ ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ ဖိတ်ခေါ် လက်ဝှေ့ပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင် လက်ဝှေ့သမားများ၏ ယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးရန်နှင့် အာရှ လက်ဝှေ့အဖွဲ့ချုပ်များပြိုင်ပွဲ ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ရန် ယနေ့ မွန်းလွဲပိုင်းတွင် လေကြောင်းခရီးဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာသွားသည်။

အဆိုပါ ကိုယ်စားလှယ်အဖွဲ့အား မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးတင်လှိုင်နှင့် အမှုဆောင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဥရောပအကောင်းဆုံးအသင်းမှာ ဘာစီလိုနာအသင်းဖြစ်ကြောင်း ဖာဂူဆန်ဝန်ခံ

ဟန်သစ်

မန်ချက်စတာ မေ ၂၉

တနင်္ဂနွေနေ့ နံနက်ပိုင်းက ဝင်ဘလေကွင်း၌ ချန်ပီယံလိဂ်ဗိုလ်လုပွဲအဖြစ် ဘာစီလိုနာအသင်းနှင့် မန်ယူအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဘာစီလိုနာက ပက်ဒရို၊ မက်ဆီ၊ ဒေးဗစ်ဗီလာတို့၏ သွင်းဂိုးများဖြင့် မန်ယူကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရပြီး ချန်ပီယံလိဂ်ဆုဖလားကြီးကို လေးကြိမ်မြောက် ကိုင်မြှောက်နိုင်ခဲ့သည်။ ထိုပွဲအပြီးတွင် ရှုံးနိမ့်ခဲ့ရသူ မန်ယူနည်းပြ ဖာဂူဆန် **(ဝဲပုံ)** က ဘာစီလိုနာအသင်းသည် ဥရောပတွင် အကောင်းဆုံးအသင်းဖြစ်ကြောင်း ချီးကျူးကာ ဝန်ခံစကားဆိုခဲ့သည်။

ဖာဂူဆန်က မိမိတို့အသင်း အင်္ဂလန်မြေ ဝင်ဘလေကွင်းတွင် ကစားခဲ့ရသော်လည်း ဘာစီလိုနာကိုမည်သို့မျှ မယှဉ်နိုင်ခဲ့ကြောင်း၊ ကစားခဲ့ဖူးသမျှ အသင်းများထဲတွင် ဘာစီလိုနာအသင်းသည် အကောင်းဆုံးဖြစ်ကြောင်း၊ မက်ဆီကိုလည်း လုံးဝမထိန်းချုပ်နိုင်ခဲ့ကြောင်း ပြောဆိုခဲ့သည်။ မန်ယူအသင်းသည် ဘာစီလိုနာအသင်းနှင့် ချန်ပီယံလိဂ်ဗိုလ်လုပွဲတွင် နှစ်ကြိမ်ဆုံတွေ့ခဲ့ရာ နှစ်ကြိမ်လုံးရှုံးပွဲကြုံခဲ့ရသည်။

ဖာဂူဆန်ကပင် ဆက်လက်၍ ဘာစီလိုနာအသင်းသည် မိမိတို့ကို ဖျော်ဖြေမှုပေးနိုင်ခဲ့သည့် အံ့ဖွယ်အသင်းတစ်သင်း ဖြစ်ကြောင်း၊ ၎င်းတို့ထက် ပိုကောင်းအောင်ကစားရန် ကြိုးပမ်းခဲ့သော်လည်း ပွဲအပြီးတွင် ပိုကောင်းသည့်အသင်းက အနိုင်ရသွားခြင်းသာ ဖြစ်ကြောင်း၊ ယခုနှစ်ရာသီသည် မိမိအတွက် ကြီးကျယ်သည့်နှစ် ဖြစ်ခဲ့သော်လည်း ဝင်ဘလေတွင် ကျရှုံးခဲ့ရခြင်းကို စိတ်ပျက်မိကြောင်း၊ ဘာစီလိုနာအသင်း၏ တစ်ချက်ထိအပေးအယူများက အားလုံးကို ဖမ်းစားသွားနိုင်သည်ကိုဖြင့် မချီးကျူးဘဲ မနေနိုင်ကြောင်း ဖာဂူဆန်က မိမိကိုအနိုင်ယူပြသွားသည့် ဂွါဒီယိုလာ၏ ဘာစီလိုနာကို ချီးကျူးထောမနာပြုလိုက်သည်။ ***အင်တာနက်။***

မန်ယူအသင်းအက်ရှ်လေယန်းကို တစ်ပတ်အတွင်းခေါ်ယူနိုင်မည်ဟုဆို

လန်ဒန် မေ ၂၉

ယခုနှစ် ဘောလုံးရာသီတွင် ပရီမီယာလိဂ်ဖလားတစ်လုံးတည်းနှင့်သာ ကျေနပ်ခဲ့ရသည့် မန်ယူအသင်းသည် ဗီလာအသင်းမှ အင်္ဂလန်လက်ရွေးစင် ကစားသမား အက်ရှ်လေယန်းကို တစ်ပတ်အတွင်း ခေါ်ယူနိုင်တော့မည်ဟု ဆိုသည်။

အဆိုပါ ဗီလာတောင်ပံကစားသမား အက်ရှ်လေယန်းကို လီဗာပူးနည်းပြ ကင်နီဒဲလ်ဂလက်ချ်ကလည်း ခေါ်ယူရန် စောင့်ကြည့်လျက်ရှိနေသည်။ သို့သော် မန်ယူအသင်းက ချန်ပီယံလိဂ်တွင် ရှုံးခဲ့၍ စိတ်ပျက်ဝမ်းနည်းနေသည့် ပရိသတ်များကို အားတက်သွားစေရန် အက်ရှ်လေယန်းကို ပေါင် ၁၅ သန်းပေး၍ လီဗာပူးထက်လက်ဦးမှုရယူရန် ပြင်ဆင်လာခြင်းဖြစ်သည်။ အသင်းကြီးအတော်များများ၏ စိတ်ဝင်စားခြင်းကို ခံနေရသည့် အက်ရှ်လေယန်းကလည်း အိုးထရက်ဖို့ဒ်တွင် သာပြောင်းရွှေ့ကစားလိုသည်ဟု ထုတ်ဖော်ပြောကြားထားဖူးသည်။ ***အင်တာနက်။***

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ရှိ မြန်မာသံရုံးနှင့် စစ်သံရုံးတို့မှ ဝန်ထမ်းများနှင့်မိသားစုများအား တွေ့ဆုံ

နေပြည်တော် မေ ၂၉

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ရောက်ရှိနေသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များလိုက်ပါလျက် မေ ၂၈ ရက် နံနက် ၁၁ နာရီ ၃၅ မိနစ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ရှိ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ သံအမတ်ကြီးနေအိမ်သို့ရောက်ရှိရာ သံအမတ်ကြီး ဦးတင်ဦးနှင့် ဇနီး၊ စစ်သံမှူး ဗိုလ်မှူးကြီးတင့်ဝေနှင့် ဇနီး၊ သံရုံး၊ စစ်သံရုံးဝန်ထမ်းများ၊ မိသားစုများ၊ ပေကျင်းမြို့၌ ပညာသင်ကြားလျက်ရှိသည့် သင်တန်းသားများက ဂါရဝပြု ကြိုဆိုကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် သံရုံးဝန်ထမ်းများ၊ မိသားစုများ၊ ပညာတော်သင် သင်တန်းသားများနှင့် တွေ့ဆုံ၍ မြန်မာနိုင်ငံတွင် အစိုးရအဖွဲ့သစ်လက်ထက် နိုင်ငံခြားရေးမူဝါဒ ပြောင်းလဲမှုမရှိဘဲ ကမ္ဘာ့နိုင်ငံများ၊ ဒေသတွင်းနှင့် အိမ်နီးချင်းနိုင်ငံများအားလုံးနှင့် ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံဆောင်ရွက်သွားမည့် အခြေအနေ၊ မြန်မာ-တရုတ်ဆက်ဆံရေးသည် သမိုင်းအစဉ်အလာရှိသည့် ဆွေမျိုးပေါက်ဖော်ဆက်ဆံရေး ဖြစ်ထွန်းခဲ့ပြီး မဟာဗျူဟာမြောက် ဆက်ဆံရေးအဆင့်သို့ ရောက်ရှိပြီဖြစ်သည့်အတွက် နှစ်နိုင်ငံဆက်ဆံရေးကို ဆတက်ထမ်းပိုး ကြိုးပမ်းမြှင့်တင် **စာမျက်နှာ ၃ ကော်လံ ၁ သို့** ☆

လက်ဆောင်ပစ္စည်းများပေးအပ်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပေကျင်းမြို့ရှိ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ သံအမတ်ကြီးနေအိမ်၌ သံအမတ်ကြီး၊ စစ်သံမှူး၊ ဝန်ထမ်းများ၊ မိသားစုများနှင့် ပညာတော်သင် သင်တန်းသားများအား လက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။ (သတင်းစဉ်)